## ရေယာဉ်အုပ်လက်မှတ်စာမေးပွဲအတွက် ရေယာဉ်ဝန်ထမ်းလုပ်သက်စစ်ဆေးရန်၊ မျက်စိစစ်ဆေးရန်၊ စာမေးပွဲဖြေဆိုရန်၊ လက်မှတ်သက်တမ်းတိုးရန်နှင့် လက်မှတ်ပျောက်ဆုံးခြင်းအတွက် လက်မှတ်အသစ် ပြန်လည်ထုတ်ယူရန် လျှောက်ထားခြင်း

**ရေယာဉ်ဝန်ထမ်းလုပ်သက်စစ်ဆေးရန် နှင့် စာမေးပွဲဖြေဆိုရန် လျှောက်ထားရာတွင်-**

(၁) ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်-

(က) ကာယကံရှင်၏ လျှောက်လွှာ၊

(ခ) နိုင်ငံသားစိစစ်ဆေးရေးကတ်ပြား (မိတ္တူ)၊

(ဂ) ရေယာဉ်ပိုင်ရှင်၏ ရေယာဉ်လုပ်သက်ထောက်ခံစာ (သို့မဟုတ်) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ ရေယာဉ်လုပ်သက်ထောက်ခံစာ၊

(ဃ) သက်တမ်းရှိသော မျက်စိစစ်ဆေးအောင်မြင်ကြောင်းလက်မှတ်(မူရင်းနှင့် မိတ္တူ)၊

(င) ဓါတ်ပုံ (၂) ပုံ (၃၂ မီလီမီတာ x ၄၀ မီလီမီတာ)၊

(စ) သင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ်(မူရင်းနှင့်မိတ္တူ)၊

(ဆ) ရေယာဉ်အုပ်လက်မှတ်(မူရင်းနှင့်မိတ္တူ)

(ဇ) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း အထောက်အထား။

**(၂) ရေယာဉ်ဝန်ထမ်းလုပ်သက်စစ်ဆေးမည့်သူများအနေဖြင့်-**

(က) ပထမတန်းရေယာဉ်အုပ် စာမေးပွဲဖြေဆိုရန်အတွက် ဒုတိယတန်းရေယာဉ်အုပ်လက်မှတ်ကိုင်ဆောင်ပြီး ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် ရေယာဉ်အုပ်လုပ်သက် (၁၂) လ ရှိပြီးသူဖြစ်ရမည်။

(ခ) ဒုတိယတန်းရေယာဉ်အုပ် စာမေးပွဲဖြေဆိုရန်အတွက် တတိယတန်းရေယာဉ်အုပ်လက်မှတ်ကိုင်ဆောင်ပြီး ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် ရေယာဉ်အုပ်လုပ်သက် (၁၂) လ ရှိပြီးသူဖြစ်ရမည်။

(ဂ) တတိယတန်းရေယာဉ်အုပ် စာမေးပွဲဖြေဆိုရန်အတွက် ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် လုပ်သက် (၂၄)လ ရှိပြီးသူဖြစ်ရမည်။

**မျက်စိစစ်ဆေးရန်* လျှောက်ထားရာတွင်–**

(၃) ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်–

(က) ကာယကံရှင်၏ လျှောက်လွှာ၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊

(ဂ) ဓါတ်ပုံ (၂) ပုံ (၃၂ မီလီမီတာ × ၄၀ မီလီမီတာ)၊

(ဃ) ရေယာဉ်အုပ်လက်မှတ် (မူရင်းနှင့်မိတ္တူ)၊ နှင့်

(င) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း။

* ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဒေါပုံသင်္ဘောကျင်းရှိ ရေကြောင်းဌာနခွဲ၊ မျက်စိစစ်ဆေးခန်း၌ အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်းတွင် စစ်ဆေးသွားမည်ဖြစ်ပါသည်။

**လက်မှတ်သက်တမ်းတိုးရန် လျှောက်ထားရာတွင်–**

(၄) ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်–

(က) ကာယကံရှင်၏လျှောက်လွှာ၊

(ခ) နိုင်ငံသားစိစစ်ဆေးရေးကတ်ပြား (မိတ္တူ)၊

(ဂ) သက်တမ်းကုန်ဆုံးမည့်* (သို့မဟုတ်) သက်တမ်းကုန်ဆုံးနေသော ပွဲနင်းမှူးလက်မှတ် (မူရင်း နှင့် မိတ္တူ)၊

(ဃ) သက်တမ်းရှိမျက်စိစစ်ဆေးအောင်မြင်ကြောင်းလက်မှတ် (မူရင်းနှင့်မိတ္တူ)၊

(င) ရေယာဉ်အုပ်လက်မှတ်*(မူရင်းနှင့်မိတ္တူ)၊

(စ) ဓါတ်ပုံ (၂) ပုံ (၃၂ မီလီမီတာ x ၄၀ မီလီမီတာ)၊ နှင့်

(ဆ) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း အထောက်အထား။

* ရေယာဉ်အုပ်လက်မှတ် သက်တမ်းမကုန်ဆုံးမီ (၃)လအတွင်း လက်မှတ်သက်တမ်းတိုးနိုင်ပါသည်။

**လက်မှတ်ပျောက်ဆုံးခြင်းအတွက် လက်မှတ်အသစ် ပြန်လည်ထုတ်ယူရန်လျှောက်ထားရာတွင်–**

**(၅)** ကာယကံရှင်ကိုယ်တိုင် ရေကြောင်းဌာနခွဲ၊ စာမေးပွဲဌာနစုသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်လျှောက်ထားရမည်–

(က) ကာယကံရှင်၏လျှောက်လွှာ၊

(ခ) ကာယကံရှင်၏ ကတိဝန်ခံချက်၊

(ဂ) နိုင်ငံသားစိစစ်ဆေးရေးကတ်ပြား (မိတ္တူ)၊

(ဃ) ရေယာဉ်အုပ်လက်မှတ် (မူရင်း နှင့် မိတ္တူ)

(င) သက်တမ်းရှိမျက်စိစစ်ဆေးအောင်မြင်ကြောင်းလက်မှတ်(မူရင်းနှင့်မိတ္တူ)၊

(စ) ဓါတ်ပုံ (၂) ပုံ (၃၂ မီလီမီတာ x ၄၀ မီလီမီတာ)၊

(ဆ) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း အထောက်အထား၊

(ဇ) လက်မှတ် ပျောက်ဆုံးခြင်းအတွက် သတင်းစာကြော်ငြာ၊ ရပ်ကွက်နှင့် ရဲစခန်း ထောက်ခံစာ နှင့်

(ဈ) ငွေသွင်းချလံ (သို့မဟုတ်) ငွေသွင်းပြီးကြောင်း အထောက်အထား။